# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
# ဗဟိုစာရင်းအင်းအဖွဲ့

MYANMAR CSO
CENTRAL STATISTICAL ORGANIZATION




# ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်း
# မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
# အခြေအနေ

၂၀၁၇ ခုနှစ် နိုဝင်ဘာလ

အကြောင်းအရာ။ **၂၀၁၇ ခုနှစ် အောက်တိုဘာလအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေ တင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော **၂၀၁၇ ခုနှစ် အောက်တိုဘာလ** အတွက် တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းမှာ အစားအစာအုပ်စုအတွက် ၁၄၈.၁၁၊ အစားအစာမဟုတ်သော အုပ်စုအတွက် ၁၁၈.၁၉ နှင့် **အုပ်စုအားလုံးအတွက် ၁၃၅.၇၀** ရှိပါသည်။ **၂၀၁၇ ခုနှစ် စက်တင်ဘာလ၏** အခြေအနေမှာ ၁၃၄.၄၃ ရှိခဲ့ပြီး၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလနှင့် နှိုင်းယှဉ်ပါက ၀.၉၄% မြင့်တက်လာပါသည်။ Core Inflation တွက်ချက်ရန် လိုအပ်သည့် အစားအစာအုပ်စုနှင့် လောင်စာဆီ ဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **စားသုံးသူဈေးဆနှုန်း**(Core CPI) **မှာ ၁၁၅.၇၇** ဖြစ်ရာ **၂၀၁၇ ခုနှစ် စက်တင်ဘာလ၏** Core CPI ဖြစ်သည့် **၁၁၅.၈၂** နှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ် ကျဆင်းလာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက် ပြောင်းလဲမှုအခြေအနေမှာ ၂၀၁၇ ခုနှစ် အောက်တိုဘာလ**၏ စားသုံးသူဈေးဆနှုန်းမှာ **၁၃၅.၇၀** ဖြစ်သဖြင့် **၂၀၁၆ ခုနှစ် အောက်တိုဘာလ၏** အခြေအနေ **၁၃၀.၄၈** နှင့်နှိုင်းယှဉ်ပါက **၄.၀၀%** မြင့်တက်လာပါသည်။ အလားတူ **၂၀၁၇ ခုနှစ် အောက်တိုဘာလ၏** Core CPI **မှာ ၁၁၅.၇၇** ဖြစ်ရာ **၂၀၁၆ ခုနှစ် အောက်တိုဘာလ၏** Core CPI အခြေအနေ **၁၁၁.၃၁** နှင့်နှိုင်းယှဉ်ပါက **၄.၀၁%** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် အစားအစာအုပ်စု**(Food) ၏ ဈေးဆနှုန်းမှာ **၁၄၈.၁၁** ဖြစ်သဖြင့် ယခင်လကထက် ၁.၃၁% မြင့်တက်လာပါသည်။ မီးဖိုချောင်သုံးကုန်ပစ္စည်းဖြစ်သည့် ကြက်သွန်ဖြူဈေးနှုန်းများ ကျဆင်းနေသော်လည်း၊ အာလူးနှင့် ကြက်သွန်နီဈေးနှုန်းမှာ သိသာစွာ မြင့်တက်နေပါသည်။ ထို့ပြင် အခြားစားသောက်ကုန်များဖြစ်သည့် ဆန်(ဧည့်မထ)၊ စားအုန်းဆီ၊ ဝက်သား၊ ဘဲသား၊ ပုစွန်ကျော့၊ ပုစွန်တုပ်၊ ငါးမြစ်ချင်း၊ ငါးသလောက်၊ ငါးခြောက်အမျိုးမျိုး၊ ပုစွန်ခြောက်၊ ကုလားပဲခြမ်း၊ ပဲနီလေး၊ ပဲကြီးနှင့် စားတော်ပဲအပါအဝင် အခြားပဲများ၊ ဟင်းသီးဟင်းရွက်အချို့၏ဈေးနှုန်းများ၊ ခရမ်းချဉ်သီးနှင့် ခရမ်းသီးဈေးနှုန်းများ မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

၄။ **၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် အစားအစာမဟုတ်သောအုပ်စု** (Non Food) ၏ ဈေးဆနှုန်းမှာ **၁၁၈.၁၉** ဖြစ်သဖြင့် ယခင်လနှင့် နှိုင်းယှဉ်ပါက **၀.၃၀%** မြင့်တက်လျက်

ရှိပါသည်။ ယင်းအုပ်စုအတွင်းရှိ သယ်ယူပို့ဆောင်ရေးအုပ်စုတွင် ပါဝင်သော ဒီဇယ်နှင့် ဓာတ်ဆီဈေးနှုန်းတို့မှာ မြင့်တက်လျက်ရှိပါသည်။ ကျန်ကုန်ပစ္စည်းအုပ်စုများတွင် ပါဝင်သည့် အရက်နှင့်ဘီယာဈေးနှုန်းများ၊ ဆေးဈေးနှုန်းများ၊ အဝတ်အထည်ဈေးနှုန်းများ၊ ထင်း၊ မီးသွေးနှင့် ဂျာနယ်ဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

၅။ **၂၀၁၇ ခုနှစ် အောက်တိုဘာလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း(Annual Rate of Inflation) မှာ ၄.၇၀%** ဖြစ်ပြီး၊ အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) မှာ ၃.၃၃%** ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

(ဒေါက်တာဝဝါမောင်)

ညွှန်ကြားရေးမှူးချုပ်

# တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်












# တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္နှန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

## (၂၀၁၇ ခုနှစ် အောက်တိုဘာလ)

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အပိုင်း(က)** | |
| | **၂၀၁၇ ခုနှစ် စက်တင်ဘာလ နှင့် ၂၀၁၇ ခုနှစ် အောက်တိုဘာလ စားသုံးသူဈေးဆန္နှန်းနှိုင်းယှဉ်ချက်** | |
| ၁ | စုစုပေါင်းစားသုံးသူဈေးဆန္နှန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| ၂ | အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| | **အပိုင်း(ခ)** | |
| | **၂၀၁၆ ခုနှစ် အောက်တိုဘာလ နှင့် ၂၀၁၇ ခုနှစ် အောက်တိုဘာလ စားသုံးသူဈေးဆန္နှန်းနှိုင်းယှဉ်ချက်** | |
| ၁ | စုစုပေါင်းစားသုံးသူဈေးဆန္နှန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၆ |
| ၂ | အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၆ |
| ၃ | ဈေးနှုန်းပြောင်းလဲမှုများကိုခြုံငုံသုံးသပ်တင်ပြခြင်း | ၉ |
| | **အပိုင်း(ဂ)** | |
| | **ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၁ | ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၁၂ |
| ဇယား ၁ | တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန္နှန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၄ |
| ဇယား ၂ | တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန္နှန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၅ |
| ဇယား ၃ | အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၆ |
| ဇယား ၄ | တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္နှန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၇ |
| ဇယား ၅ | တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၈ |

## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

### ၂၀၁၇ ခုနှစ် စက်တင်ဘာလနှင့် ၂၀၁၇ ခုနှစ် အောက်တိုဘာလ စားသုံးသူဈေးဆန်း နှိုင်းယှဉ်ချက်

### ၁။ စုစုပေါင်းစားသုံးသူဈေးဆန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)

၂၀၁၇ ခုနှစ် အောက်တိုဘာလ အတွက် စားသုံးသူဈေးဆန်းမှာ ၁၃၅.၇၀ ဖြစ်ရာ လွန်ခဲ့သော စက်တင်ဘာလ အခြေအနေ ၁၃၄.၄၃ နှင့် နှိုင်းယှဉ်ပါက ၀.၉၄% မြင့်တက်လာပါသည်။ အဓိကအားဖြင့် အစားအစာအုပ်စု၊ ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၊ ကျန်းမာရေးအုပ်စုနှင့် သယ်ယူပို့ဆောင်ရေးအုပ်စုတို့တွင် ကုန်ပစ္စည်းအချို့ဈေးနှုန်းများ မြင့်တက်လာ၍ဖြစ်ပါသည်။

ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၇ ခုနှစ် အောက်တိုဘာလအထိ တစ်နှစ်အတွင်း ပျမ်းမျှ ၄.၇၀% ဖြစ်ပေါ်ခဲ့ရာ လွန်ခဲ့သော စက်တင်ဘာလ အခြေအနေ ၄.၆၆% နှင့် နှိုင်းယှဉ်ပါက တိုးနှုန်းမှာ အနည်းငယ် ပြန်လည်မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

### ၂။ အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း

၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆန်းများကို ဇယား(၁)ဖြင့် အုပ်စုအလိုက်ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ် တင်ပြအပ်ပါသည်။

#### (က) အစားအစာအုပ်စု

ဤအုပ်စုဈေးဆန်းသည် လွန်ခဲ့သောလကထက် ၁.၃၁% မြင့်တက်လာပါသည်။ ယခုလတွင် မြေပဲဆီ ၀.၅၇% နှင့် နှမ်းဆီ ၀.၃၀% ကျဆင်းလာသော်လည်း စားအုန်းဆီဈေးနှုန်းမှာ အနည်းငယ် မြင့်တက်လျက်ရှိပါသည်။ အလားတူ ညှော့မထဆန်ဈေးနှုန်း ၁.၅၆%၊ ကြက်သား ၃.၅၈%၊ ဝက်သား ၀.၆၇%၊ ငါးမြစ်ချင်း ၁.၂၅%၊ ငါးခြောက်နှင့် ပုစွန်ခြောက်ဈေးနှုန်းများ အသီးသီး မြင့်တက်လာကြောင်းတွေ့ရှိရပါသည်။

မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်ဖြူဈေးနှုန်းများ ကျဆင်းလာသော်လည်း အာလူး၊ ကြက်သွန်နီနှင့် ငရုတ်သီးခြောက်ဈေးနှုန်းများ မြင့်တက်လာ

ပါသည်။ အလားတူ ပဲကြီး၊ ပဲနီလေး၊ ကုလားပဲခြမ်းနှင့် ထောပတ်ပဲဈေးနှုန်းများ အနည်းငယ် မြင့်တက်လာပါသည်။

ဟင်းသီးဟင်းရွက်များတွင် မုန်လာဉ၊ ချဉ်ပေါင်ရွက်၊ ဘူးသီး၊ ခရမ်းချဉ်သီးနှင့် ခရမ်းသီးဈေးနှုန်းများ မြင့်တက်လာသကဲ့သို့ အသီးအနှံများဖြစ်သော ငှက်ပျောသီး၊ အုန်းသီး၊ သရက်သီးနှင့် လိမ္မော်သီးဈေးနှုန်းများ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

**(ခ) ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၇ ခုနှစ် အောက်တိုဘာလ၌ ၁၃၂.၅၈ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၂၉.၉၃ ဖြစ်သောကြောင့် ၂.၀၄% မြင့်တက်လာပါသည်။ ဤအုပ်စုအတွင်း၌ ပါဝင်သော ကုန်ပစ္စည်းဈေးနှုန်းများအနက် အရက်၊ ဘီယာ၊ ဆေးလိပ်၊ စီးကရက်၊ ကွမ်းရွက်နှင့် ကွမ်းသီးခြမ်း ဈေးနှုန်းများ မြင့်တက်ခဲ့၍ဖြစ်ပါသည်။

**(ဂ) အဝတ်အထည်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၇ ခုနှစ် အောက်တိုဘာလ၌ ၁၁၇.၇၄ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၁၇.၅၄ ဖြစ်သောကြောင့် ၀.၁၇% မြင့်တက်လာကြောင်းတွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အမျိုးသမီး/အမျိုးသားဝတ် လုံချည်၊ ဂျာကင်၊ ရှပ်အင်္ကျီ၊ တီရှပ်၊ ဘောင်းဘီရှည်၊ ဘလောက်စ်အင်္ကျီနှင့် ဖိနပ် ဈေးနှုန်းများ မြင့်တက်လာ၍ ဖြစ်ပါသည်။

**(ဃ) အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၇ ခုနှစ် အောက်တိုဘာလ၌ ၁၃၈.၄၀ ရှိ၍၊ ယခင်လ၏ဈေးဆနှုန်းမှာ ၁၃၇.၉၂ ဖြစ်သောကြောင့် ၀.၃၅% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်လခ၊ ထင်းနှင့် မီးသွေးဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် ပွင့်လင်းရာသီဖြစ်သောကြောင့် ဆောက်လုပ်ရေးလုပ်ငန်း ပြန်လည်စတင် လုပ်ကိုင်

လာပြီဖြစ်၍ ကြသောင်းဝါး၊ တောသစ်၊ သစ်မာ၊ အုတ် နှင့် သွပ်ဈေးနှုန်းများ မြင့်တက်လာပါသည်။

**(င) အိမ်အသုံးအဆောင်ပစ္စည်းနှင့်ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် အောက်တိုဘာလ၌ ၁၁၅.၈၇ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၁၅.၈၂ ဖြစ်သောကြောင့် ရာခိုင်နှုန်းအနည်းငယ်သာ မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ဘီရို၊ သင်ဖြူးဖျာ၊ စောင်နှင့် အိမ်အသုံးအဆောင်ပစ္စည်းများဖြစ်သော ထမင်းပေါင်းအိုး၊ ရေခဲသေတ္တာ၊ ရေစုပ်စက် ဈေးနှုန်းများ မြင့်တက်လာခဲ့၍ဖြစ်ပါသည်။

**(စ) ကျန်းမာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၇ ခုနှစ် အောက်တိုဘာလ၌ ၁၃၅.၆၆ ရှိ၍၊ ယခင်လ၏ဈေးဆနှုန်းမှာ ၁၃၅.၅၁ ဖြစ်သောကြောင့် ၀.၁၁% မြင့်တက်လျက်ရှိပါကြောင်းတွေ့ရှိရပါသည်။ ရာသီဥတုအပြောင်းအလဲကြောင့် ဖျားနာသူ များပြားလာပြီး ဆေးဈေးနှုန်းနှင့် ဆေးကုသခများ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

**(ဆ) သယ်ယူပို့ဆောင်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် အောက်တိုဘာလ၌ ၁၀၀.၀၉ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၉၉.၅၇ ဖြစ်သောကြောင့် ၀.၅၂% ဆက်လက်မြင့်တက်လျက်ရှိပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင် ပါဝင်သော ဒီဇယ်ဆီတစ်ဂါလံလျှင် ၃၃၃၈.၆၇ကျပ် မှ ၃၄၄၈.၀၇ကျပ်၊ ဓာတ်ဆီတစ်ဂါလံလျှင် ၃၅၁၉.၈၈ကျပ် မှ ၃၆၁၄.၆၄ကျပ် သို့ ဈေးနှုန်းအသီးသီး မြင့်တက်လာပါသည်။ အလားတူ မော်တော်ဆိုင်ကယ်နှင့် အငှားယာဉ်ခ ဈေးနှုန်းများလည်း မြင့်တက်လာခဲ့ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် အောက်တိုဘာလ၌ ၁၀၂.၇၈ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၀၂.၇၈ ဖြစ်သောကြောင့် ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်လျက်ရှိပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကုန်ပစ္စည်းဈေးနှုန်းများ ပြောင်းလဲခြင်းမရှိခဲ့ပါ။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် အောက်တိုဘာလ၌ ၁၀၆.၁၃ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၀၆.၁၇ ဖြစ်သောကြောင့် ရာခိုင်နှုန်းအနည်းငယ်သာ ကျဆင်းခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော တယ်လီဗေးရှင်းနှင့် ဂျာနယ် ဈေးနှုန်းမှာ ယခင်လကထက် အနည်းငယ်သာ ကျဆင်းလာသည့်အတွက် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် အောက်တိုဘာလ၌ ၁၂၂.၅၃ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၂၂.၅၀ ဖြစ်သောကြောင့် အနည်းငယ်သာပြောင်းလဲခဲ့ကြောင်းတွေ့ရှိရပါသည်။ ဤအုပ်စုတွင် ကျူရှင်ခဈေးနှုန်း အနည်းငယ်မြင့်တက်ခဲ့ပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် အောက်တိုဘာလ၌ ၁၁၄.၀၁ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၁၃.၈၁ ဖြစ်သောကြောင့် ၀.၁၇% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော ကုန်ပစ္စည်းဈေးနှုန်းများ အပြောင်းအလဲ နည်းပါးခဲ့၍ဖြစ်ပါသည်။

(၄)	**အထွေထွေကုန်ပစ္စည်းအုပ်စု**

**ယင်းအုပ်စုဈေးဆန္ဒနန်းမှာ** ၂၀၁၇ ခုနှစ် အောက်တိုဘာလ၌ ၁၂၄.၀၄ ရှိ၍၊ ယခင်လ၏ ဈေးဆန္ဒနန်းမှာ ၁၂၄.၄၃ ဖြစ်သောကြောင့် ၀.၃၂% ကျဆင်းလာခဲ့ပါသည်။ ဤအုပ်စုတွင် သွားတိုက်ဆေး၊ မိတ်ကပ်နှင့် ရွှေထည်ပစ္စည်းဈေးနှုန်းများမှာ ယခင်လကထက် ကျဆင်းလာခဲ့၍ဖြစ်ပါသည်။

(၃)	**အစားအစာမဟုတ်သောအုပ်စု**

**ယင်းအုပ်စုဈေးဆန္ဒနန်းမှာ** ၂၀၁၇ ခုနှစ် အောက်တိုဘာလ၌ ၁၁၈.၁၉ ရှိ၍၊ ယခင်လ၏ဈေးဆန္ဒနန်းမှာ ၁၁၇.၈၃ ဖြစ်သောကြောင့် ၀.၃၀% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သော ကျန်းမာရေးအုပ်စုနှင့် သယ်ယူပို့ဆောင်ရေးအုပ်စုဈေးနှုန်းများ မြင့်တက်လာသော်လည်း ကျန်အုပ်စု၏ ကုန်ပစ္စည်းဈေးနှုန်းများမှာ အပြောင်းအလဲ နည်းပါးခဲ့ကြောင်း တွေ့ရှိရပါသည်။

## အပိုင်း(ခ)

## ၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ် အောက်တိုဘာလ စားသုံးသူဈေးဆန္နန်း နှိုင်းယှဉ်ချက်

### ၁။ စုစုပေါင်းစားသုံးသူဈေးဆန္နန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)

၂၀၁၇ ခုနှစ် အောက်တိုဘာလအတွက် စားသုံးသူဈေးဆန္နန်းမှာ ၁၃၅.၇၀ ဖြစ်ရာ လွန်ခဲ့သော ၂၀၁၆ ခုနှစ် အောက်တိုဘာလ အခြေအနေ ၁၃၀.၄၈ နှင့် နှိုင်းယှဉ်ပါက ၄.၀၀% မြင့်တက်လာပါသည်။ အုပ်စုအားလုံးတွင် ပါဝင်သော ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက သိသာထင်ရှားစွာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၇ ခုနှစ် အောက်တိုဘာလ အထိ တစ်နှစ်အတွင်း ပျမ်းမျှ **၄.၇၀%** ဖြစ်ပေါ်ခဲ့ရာ ၂၀၁၆ ခုနှစ် အောက်တိုဘာလ အခြေအနေ **၈.၂၆%** နှင့် နှိုင်းယှဉ်ပါက တိုးနှုန်းမှာ သိသိသာသာကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

### ၂။ အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း

#### (က) အစားအစာအုပ်စု

ဤအုပ်စုဈေးဆန္နန်းသည် ယခင်နှစ်အလားတူကာလကထက် ၃.၄၅% မြင့်တက်နေပါသည်။ ဆန်ဈေးနှုန်းမှာ ယခင်နှစ် အလားတူ ကာလကထက် ၁.၅၃% မြင့်တက်လာပါသည်။ အလားတူ ဝက်သား ၄.၁၉%၊ ငါးခူ ၂.၅၂%၊ ငါးမြစ်ချင်း ၅.၀၆%၊ ပုစွန်ခြောက် ၄.၃၄% နှင့် ငါးရံ့ခြောက် ၈.၂၉% ဖြင့် ဈေးနှုန်းများ အသီးသီး မြင့်တက်လာကြောင်းတွေ့ရှိရပါသည်။

မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်ဖြူဈေးနှုန်းများမှာ ယခင်နှစ်ကထက် ကျဆင်းလာသော်လည်း အာလူး ၁.၃၈%၊ ကြက်သွန်နီ ၁၇၇.၆၅% နှင့် ကုလားပဲခြမ်း ၈.၇၀% ဖြင့် သိသိသာသာ မြင့်တက်လာပါသည်။

**(ခ) ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် အောက်တိုဘာလ၌ ၁၃၂.၅၈ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၂၅.၂၀ ဖြစ်သောကြောင့် ၅.၉၀% မြင့်တက်လာပါသည်။

**(ဂ) အဝတ်အထည်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် အောက်တိုဘာလ၌ ၁၁၇.၇၄ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၆.၃၀ ဖြစ်သောကြောင့် ၁.၂၃% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကျားဝတ်လုံချည်ဈေးနှုန်းမှာ ယခင်နှစ်ကထက် ၃.၃၀% မြင့်တက်ခဲ့ပါသည်။

**(ဃ) အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၌ ၁၃၈.၄၀ ရှိပြီး၊ ယခင်နှစ်၏ဈေးဆနှုန်းမှာ ၁၃၄.၁၁ ဖြစ်သောကြောင့် ၃.၂၀% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော ထင်း၊ မီးသွေး ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

**(င) အိမ်အသုံးအဆောင်ပစ္စည်းနှင့်ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် အောက်တိုဘာလ၌ ၁၁၅.၈၇ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၃.၂၃ ဖြစ်သောကြောင့် ၂.၃၃% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများ၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာခဲ့၍ဖြစ်ပါသည်။

**(စ) ကျန်းမာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် အောက်တိုဘာလ၌ ၁၃၅.၆၆ ရှိပြီး၊ ယခင်နှစ်၏ဈေးဆနှုန်းမှာ ၁၃၀.၃၇ ဖြစ်သောကြောင့် ၄.၀၅% မြင့်တက်လျက်

ရှိပါသည်။ ဆေးဈေးနှုန်းနှင့် ဆေးကုသခများမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

**(ဆ) သယ်ယူပို့ဆောင်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆန္နှုန်းမှာ** ၂၀၁၇ ခုနှစ် အောက်တိုဘာလ၌ ၁၀၁.၀၉ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆန္နှုန်းမှာ ၈၉.၈၂ ဖြစ်သောကြောင့် ၁၁.၄၄% မြင့်တက်လာပါသည်။ ယင်းအုပ်စုဈေးဆန္နှုန်းတွင် ပါဝင်သော ဒီဇယ်ဆီဈေးနှုန်းမှာ တစ်ဂါလံလျှင် ၂၈၃၂.၉၇ကျပ် ရှိရာ မှ ယခုနှစ်တွင် ၃၄၄၈.၀၇ကျပ် သို့ မြင့်တက်လာပါသည်။ အလားတူ ဓာတ်ဆီဈေးနှုန်းမှာလည်း တစ်ဂါလံလျှင် ၃၀၄၁.၇၉ကျပ် ရှိရာ မှ ၃၆၁၄.၆၄ကျပ် သို့ သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**(ဇ) ဆက်သွယ်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆန္နှုန်းမှာ** ၂၀၁၇ ခုနှစ် အောက်တိုဘာလ၌ ၁၀၂.၇၈ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆန္နှုန်းမှာ ၉၃.၉၉ ဖြစ်သောကြောင့် ၉.၃၆% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသာစွာ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

**(ဈ) အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**

**ယင်းအုပ်စုဈေးဆန္နှုန်းမှာ** ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၌ ၁၀၆.၁၃ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆန္နှုန်းမှာ ၁၀၅.၀၈ ဖြစ်သောကြောင့် ၁.၀၀% မြင့်တက်ခဲ့ပါသည်။

**(ည) ပညာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆန္နှုန်းမှာ** ၂၀၁၇ ခုနှစ် အောက်တိုဘာလ၌ ၁၂၂.၅၃ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆန္နှုန်းမှာ ၁၂၂.၁၇ ဖြစ်သောကြောင့် ၀.၃၀% မြင့်တက်လာပါသည်။

(ငှ) **ပြင်ပအစားအသောက်အုပ်စု**

**ယင်းအုပ်စုဈေးဆန္နန်းမှာ** ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၌ ၁၁၄.၀၁ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆန္နန်းမှာ ၁၀၉.၄၄ ဖြစ်သောကြောင့် ၄.၁၇% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ်က ထက် မြင့်တက်နေကြောင်းတွေ့ရပါသည်။

(ဥ) **အထွေထွေကုန်ပစ္စည်းအုပ်စု**

**ယင်းအုပ်စုဈေးဆန္နန်းမှာ** ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၌ ၁၂၄.၀၄ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆန္နန်းမှာ ၁၁၉.၀၁ ဖြစ်သောကြောင့် ၄.၂၂% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ရွှေထည်ပစ္စည်းဈေးနှုန်းမှာ ယခင်နှစ်ကထက် ၇.၈၉ % မြင့်တက်ခဲ့၍ဖြစ်ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စု**

**ယင်းအုပ်စုဈေးဆန္နန်းမှာ** ၂၀၁၇ ခုနှစ် အောက်တိုဘာလ၌ ၁၁၈.၁၉ ရှိပြီး၊ ယခင်နှစ်၏ဈေးဆန္နန်းမှာ ၁၁၂.၅၉ ဖြစ်သောကြောင့် ၄.၉၇% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင်ပါဝင်သော အုပ်စုအားလုံး၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့်ဖြစ်ပါသည်။

## ၃။ ဈေးနှုန်းပြောင်းလဲမှုများကိုခြုံငုံသုံးသပ်တင်ပြခြင်း

၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်း ပြောင်းလဲမှု အခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

(က) ယခုလတွင်ဖြစ်ပေါ်ခဲ့သော ဆန်(ဧည့်မထ)ဈေးနှုန်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းများ မြင့်တက်နေပြီး၊ ယခင်လနှင့် နှိုင်းယှဉ်ပါကလည်း ဈေးနှုန်းများ မြင့်တက်နေကြောင်း တွေ့ရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ အချိန်လွန် မိုးရွာသွန်းမှုကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေခြင်း၊ ကုန်သည်များလက်ဝယ်၌ ဆန်ဟောင်း လက်ကျန်နည်းပါးလာခြင်းတို့ကြောင့် ဆန်ဈေးနှုန်းများ ဆက်လက် မြင့်တက်လာခဲ့ပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော မြေပဲဆီနှင့် နှမ်းဆီဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ် ကျဆင်းလာသော်လည်း၊ စားအုန်းဆီဈေးနှုန်းမှာမူ အနည်းငယ် မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ယခင်လတွင် ပြည်ပစားအုန်းဆီ ဈေးနှုန်းမှာ မက်ထရစ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၅၉.၆၆ ရှိခဲ့ရာမှ ယခု လတွင် အမေရိကန်ဒေါ်လာ ၆၅၁.၅၁ ဖြစ်သဖြင့် ယခင်လကထက် ၁.၂၄% ကျဆင်း နေသော်လည်း ပြည်တွင်းစားအုန်းဆီဈေးနှုန်းမှာ အနည်းငယ် မြင့်တက်နေပါသည်။

(ဂ) အသား၊ငါးနှင့်ဥအုပ်စုတွင်ပါဝင်သော ကြက်သား၊ ဘဲသား၊ ဝက်သား၊ ကြက်ဥနှင့် အချို့ ငါးဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်လာပါသည်။ အလားတူ ပုစွန်ခြောက်နှင့် ငါးခြောက်ဈေးနှုန်းများ မြင့်တက်လျက်ရှိပါသည်။ ယခုအချိန် သည် ကထိန်ရာသီဖြစ်ခြင်းကြောင့် အလှူအတန်းပြုလုပ်သူများပြားခြင်း၊ မင်္ဂလာ ဆောင်ပြုလုပ်သူ များပြားခြင်းတို့ကြောင့် ဝယ်လိုအားများပြားပြီး အသားငါး ဈေးနှုန်းများ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(ဃ) ဟင်းသီးဟင်းရွက်ဈေးနှုန်းများကို လေ့လာကြည့်ပါက ခရမ်းချဉ်သီးဈေးနှုန်းမှာ ယခင်လကထက် ဆက်လက်မြင့်တက်လာပါသည်။ သို့ရာတွင် သီးနှံအသစ် ထွက် ပေါ်ချိန်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံဖြစ်သော ကြက်သွန်ဖြူဈေးနှုန်းများ ဆက်လက်ကျဆင်းနေသော်လည်း ကြက်သွန်နီဈေးနှုန်းမှာ သိသိသာသာ မြင့်တက် လျက်ရှိပါသည်။ မိုးများနေ၍ ကြက်သွန်နီအသစ် မတူးဖော်နိုင်သေးခြင်း တို့ကြောင့် ကြက်သွန်နီဈေးနှုန်းများ မြင့်နေရခြင်းဖြစ်ပါသည်။ ကြက်သွန်နီကို အိန္ဒိယနိုင်ငံမှ တင်သွင်းနေသော်လည်း အရည်အသွေးညံ့ဖျင်းမှုကြောင့် ပြည်တွင်း ကြက်သွန်နီကိုသာ အသုံးပြုကြသဖြင့် ဝယ်လိုအားများပြားပြီး ဈေးမြင့်တက်လာ ပါသည်။ ထို့အပြင် ကြက်သွန်နီဈေးနှုန်း မြင့်နေမှုကြောင့် ခရမ်းချဉ်သီးကို အစားထိုးကုန်စည်အဖြစ် အသုံးပြုလာကြသဖြင့် ခရမ်းချဉ်သီးဈေးနှုန်းလည်း မြင့်တက်လာပါသည်။

(င) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ပဲရည် တစ်ကျပ်သားလျှင် ၈၇၉၀၇၅ကျပ် ဖြစ်သဖြင့် လွန်ခဲ့သောလကထက် ၀.၉၅% ကျဆင်းလာ

ကန့်သတ်

သော်လည်း၊ လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါက ၇.၈၉% ဖြင့် သိသာထင်ရှားစွာ မြင့်တက်လျက်ရှိပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်ထရိုင်အောင်စလျှင် ယခင်လတွင် အမေရိကန်ဒေါ်လာ ၁၃၁၆.၈၁ ရှိရာ မှ ၁၂၈၁.၅၃ သို့ ပြန်လည် ကျဆင်းလာပြီး ကမ္ဘာ့ရွှေဈေးနှုန်း ကျဆင်းလာခြင်းနှင့်အတူ မြန်မာ့ရွှေဈေးနှုန်းမှာလည်း လိုက်ပါကျဆင်းနေသည်ကို တွေ့ရှိရပါသည်။

(စ) ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးနှုန်းများတွင် ဒီဇယ်ဆီနှင့် ဓာတ်ဆီဈေးနှုန်းမှာ ယခင်လကထက် ဆက်လက် မြင့်တက်လာပါသည်။ ပြည်ပမှ တင်သွင်းသော လောင်စာဆီဈေးနှုန်းများတွင် ဒီဇယ်ဆီ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၇.၆၀ မှ ၆၉.၁၈ သို့ မြင့်တက်လာပါသည်။ သို့သော် ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၈.၁၈ မှ ၆၇.၈၃ သို့ အနည်းငယ် ကျဆင်းလာပါသည်။ ပွင့်လင်းရာသီဖြစ်ခြင်းကြောင့် ခရီးသွားလာသူများပြားလာပြီး လောင်စာဆီအသုံးပြုမှုများသောကြောင့် ပြည်တွင်း လောင်စာဆီ ဈေးနှုန်းများ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သဘာဝဘေးအန္တရာယ် ဖြစ်ပွားခဲ့ပြီး နောက်ပိုင်းတွင် စိုက်ပျိုးမြေပျက်စီးခြင်း၊ စိုက်ပျိုးသီးနှံအထွက်နှုန်းလျော့ကျခြင်း၊ ရေကြီးရေလျှံမှုကြောင့် တံတားများ၊ လမ်းများပျက်စီးခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းများကြောင့် ကုန်စည်စီးဆင်းမှု အခက်အခဲဖြစ်ကာ ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်လာခြင်း၊ ပို့ဆောင်ဆက်သွယ်ရေး ခက်ခဲသည့်အတွက် သယ်ယူပို့ဆောင်စရိတ် မြင့်တက်ခြင်း၊ အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းများ မြင့်မားလာခြင်းကြောင့် သွင်းကုန်ဈေးနှုန်းများ မြင့်တက်လာခြင်း စသည့် အကြောင်းရင်းများကြောင့် ဈေးနှုန်းအပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိပါသည်။

## အပိုင်း(ဂ)

### ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

**၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း**

(က) **တစ်နိုင်ငံလုံးအတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ်** အခြေခံတွက်ချက်ထားသော ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၇ ခုနှစ် အောက်တိုဘာလအထိ တစ်နှစ်ပျမ်းမျှ ၄.၇၀% ရှိ၍ စက်တင်ဘာလအထိ တစ်နှစ်ပျမ်းမျှ ၄.၆၆% နှင့် နှိုင်းယှဉ်ပါက အနည်းငယ် ပြန်လည် မြင့်တက်လာပါကြောင်းနှင့် ၂၀၁၇ ခုနှစ် အောက်တိုဘာလ နှင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလ တို့၏ နှစ်အလိုက် ပြောင်းလဲမှုကို နှိုင်းယှဉ်ပါက (Year on Year Inflation) မှာ ၄.၁၀% ဖြစ်သည့်အတွက် ယခင်လကထက် ၀.၆၀% ပိုမိုမြင့်တက်လာကြောင်း တွေ့ရပါသည်။




(ခ) တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းကို ဇယား(၂)ဖြင့် တင်ပြထားပါသည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ရခိုင်ပြည်နယ်တွင်

၉.၀၀% ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ပြီး၊ ကချင်ပြည်နယ်တွင် ၇.၈၀% ဖြင့် ဒုတိယ အမြင့်ဆုံး၊ ရှမ်းပြည်နယ်တွင် ၅.၇၃% ဖြင့် တတိယအမြင့်ဆုံး အသီးသီး ဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းမှာ ရခိုင်ပြည်နယ်တွင် ၇.၅၇%ဖြင့် ပြောင်းလဲမှုအများဆုံးဖြစ်ပေါ်ခဲ့ပြီး၊ ပြည်ထောင်စုနယ်မြေတွင် -၀.၈၆% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်း အနည်းဆုံး ဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံ တင်ပြအပ် ပါသည်။

## ဇယား(၁)တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းနှင့်
## ငွေကြေးဖောင်းပွမှုနှုန်း
## (၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၆ ခုနှစ် | ၂၀၁၇ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၇ခုနှစ် အောက်တိုဘာလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | အောက်တိုဘာလ | စက်တင်ဘာလ | အောက်တိုဘာလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆနှုန်း** | ၁၀၀.၀၀ | ၁၃၀.၄၈ | ၁၃၄.၄၃ | ၁၃၅.၇၀ | ၀.၉၄ | ၄.၀၀ | ၄.၇၀ |
| ၀၁ | **အစားအစာအုပ်စု** | ၅၈.၅၁ | ၁၄၃.၁၇ | ၁၄၆.၁၉ | ၁၄၈.၁၁ | ၁.၃၁ | ၃.၄၅ | ၄.၈၂ |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၂၅.၂၀ | ၁၂၉.၉၃ | ၁၃၂.၅၈ | ၂.၀၄ | ၅.၉၀ | ၂.၀၂ |
| ၀၃ | အဝတ်အထည် | ၃.၂၃ | ၁၁၆.၃၀ | ၁၁၇.၅၄ | ၁၁၇.၇၄ | ၀.၁၇ | ၁.၂၃ | ၂.၂၆ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၇ | ၁၃၄.၁၁ | ၁၃၇.၉၂ | ၁၃၈.၄၀ | ၀.၃၅ | ၃.၂၀ | ၅.၃၆ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၁၃.၂၃ | ၁၁၅.၈၂ | ၁၁၅.၈၇ | ၀.၀၄ | ၂.၃၃ | ၁.၅၁ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၃၀.၃၇ | ၁၃၅.၅၁ | ၁၃၅.၆၆ | ၀.၁၁ | ၄.၀၅ | ၄.၀၄ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၃ | ၈၉.၈၂ | ၉၉.၅၇ | ၁၀၀.၀၉ | ၀.၅၂ | ၁၁.၄၄ | ၈.၈၉ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၉၃.၉၉ | ၁၀၂.၇၈ | ၁၀၂.၇၈ | ၀.၀၀ | ၉.၃၆ | ၁.၃၀ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၂ | ၁၀၅.၀၈ | ၁၀၆.၁၇ | ၁၀၆.၁၃ | -၀.၀၄ | ၁.၀၀ | ၀.၈၈ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၂၂.၁၇ | ၁၂၂.၅၀ | ၁၂၂.၅၃ | ၀.၀၃ | ၀.၃၀ | ၂.၀၅ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၅ | ၁၀၉.၄၄ | ၁၁၃.၈၁ | ၁၁၄.၀၁ | ၀.၁၇ | ၄.၁၇ | ၂.၉၂ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၀ | ၁၁၉.၀၁ | ၁၂၄.၄၃ | ၁၂၄.၀၄ | -၀.၃၂ | ၄.၂၂ | ၅.၃၀ |
| | **အစားအစာမဟုတ်သောအုပ်စု** | ၄၁.၄၉ | ၁၁၂.၅၉ | ၁၁၇.၈၃ | ၁၁၈.၁၉ | ၀.၃၀ | ၄.၉၇ | ၄.၅၅ |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆနှုန်း(Core CPI)** | ၃၄.၂၉ | ၁၁၁.၃၁ | ၁၁၅.၈၂ | ၁၁၅.၇၇ | -၀.၀၄ | *၄.၀၁ | *၃.၃၃ |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

# ဇယား(၂)တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
## (၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | ၂၀၁၆ ခုနှစ် | ၂၀၁၇ ခုနှစ် | | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့်ရာခိုင်နှုန်း | နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၇ ခုနှစ် အောက်တိုဘာလအထိ) |
|---|---|---|---|---|---|---|---|---|
| | | | အောက်တိုဘာလ | စက်တင်ဘာလ | အောက်တိုဘာလ | | | |
| (၁) | (၂) | | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၃၅.၁၂ | ၁၃၇.၂၅ | ၁၄၀.၀၆ | ၂.၀၅ | ၃.၆၅ | ၇.၈၀ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၃၅.၆၇ | ၁၄၁.၉၇ | ၁၄၁.၇၀ | -၀.၁၉ | ၄.၄၄ | ၄.၇၄ |
| ၃ | ကရင်ပြည်နယ် | ၃.၁၂ | ၁၂၀.၉၄ | ၁၂၄.၃၆ | ၁၂၅.၆၁ | ၁.၀၀ | ၃.၈၆ | ၄.၃၆ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၁၇၅.၄၉ | ၁၇၈.၅၉ | ၁၇၉.၉၈ | ၀.၇၈ | ၂.၅၆ | ၂.၀၄ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၀ | ၁၂၉.၃၁ | ၁၃၂.၆၀ | ၁၃၄.၁၉ | ၁.၂၀ | ၃.၇၇ | ၄.၀၉ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၄ | ၁၁၅.၁၃ | ၁၁၉.၄၆ | ၁၂၀.၈၈ | ၁.၁၉ | ၅.၀၀ | ၄.၉၅ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၃ | ၁၂၈.၂၂ | ၁၃၂.၉၇ | ၁၃၃.၉၅ | ၀.၇၃ | ၄.၄၆ | ၄.၄၉ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၃ | ၁၃၂.၃၀ | ၁၃၄.၇၃ | ၁၃၅.၈၃ | ၀.၈၂ | ၂.၆၇ | ၄.၀၆ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၈ | ၁၂၆.၁၁ | ၁၂၈.၈၀ | ၁၂၉.၉၄ | ၀.၈၈ | ၃.၀၃ | ၄.၆၄ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၃ | ၁၂၄.၂၇ | ၁၂၇.၈၈ | ၁၂၉.၈၅ | ၁.၅၅ | ၄.၄၉ | ၅.၂၆ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၅၄ | ၁၅၆.၇၀ | ၁၆၅.၁၉ | ၁၆၈.၅၅ | ၂.၀၄ | ၇.၅၇ | ၉.၀၀ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၇ | ၁၂၆.၃၂ | ၁၂၈.၂၅ | ၁၂၉.၁၅ | ၀.၇၀ | ၂.၂၄ | ၃.၃၃ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၁ | ၁၃၈.၇၃ | ၁၄၃.၄၀ | ၁၄၄.၁၆ | ၀.၅၃ | ၃.၉၂ | ၅.၇၃ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၀ | ၁၂၉.၉၅ | ၁၃၅.၉၈ | ၁၃၇.၇၇ | ၁.၃၂ | ၆.၀၂ | ၃.၅၆ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၂၇.၇၃ | ၁၂၅.၄၃ | ၁၂၆.၆၄ | ၀.၉၇ | -၀.၈၆ | ၂.၃၀ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၅၉ | ၁၃၁.၂၈ | ၁၃၅.၂၈ | ၁၃၅.၄၉ | ၀.၁၆ | ၃.၂၁ | ၄.၆၀ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၁၇.၄၁ | ၁၂၄.၉၉ | ၁၂၅.၅၆ | ၀.၄၅ | ၆.၉၄ | ၅.၃၃ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၂၂.၄၃ | ၁၂၃.၈၁ | ၁၂၄.၇၇ | ၀.၇၇ | ၁.၉၁ | ၂.၅၇ |
| | **တစ်နိုင်ငံလုံး** | **၁၀၀.၀၀** | **၁၃၀.၄၈** | **၁၃၄.၄၃** | **၁၃၅.၇၀** | **၀.၉၄** | **၄.၀၀** | **၄.၇၀** |

# ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၁၇ ခုနှစ် အောက်တိုဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၁၇ ခုနှစ် | | ၂၀၁၆ ခုနှစ် အောက်တိုဘာလ (ကျပ်) | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့် % | ယခင်နှစ်အလားတူလနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့် % |
|---|---|---|---|---|---|---|---|---|
| | | | | စက်တင်ဘာလ (ကျပ်) | အောက်တိုဘာလ (ကျပ်) | | | |
| ၁ | ဆန် | ဧည့်မထ (၃၅%) | ပြည် | ၁၃၂၈.၉၂ | ၁၃၄၉.၆၃ | ၁၃၂၉.၂၆ | ၁.၅၆ | ၁.၅၃ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၅၂၈၁.၆၇ | ၅၂၅၁.၆၇ | ၅၃၃၉.၁၅ | -၀.၅၇ | -၁.၆၄ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၅၆၁၄.၉၁ | ၅၅၉၈.၁၄ | ၅၅၆၀.၅၆ | -၀.၃၀ | ၀.၆၈ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၁၄၁.၆၀ | ၂၁၄၅.၄၃ | ၂၀၃၆.၅၀ | ၀.၁၈ | ၅.၃၅ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၆၁၉၂.၂၅ | ၆၆၂၀.၉၃ | ၆၉၀၇.၈၆ | ၃.၅၈ | -၄.၂၉ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၈၆၆၉.၈၆ | ၈၇၂၇.၇၄ | ၈၃၇၆.၇၄ | ၀.၆၇ | ၄.၁၉ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၀၅၇၉.၈၁ | ၁၀၅၄၆.၉၅ | ၁၀၅၃၇.၇၄ | -၀.၃၁ | ၀.၀၉ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၆၃၄.၁၃ | ၁၆၂၃.၉၁ | ၁၆၅၁.၅၁ | -၀.၆၃ | -၁.၆၇ |
| ၉ | ကြက်ဥ | ။ | ။ | ၁၁၅၁.၈၁ | ၁၁၆၅.၃၂ | ၁၃၀၇.၄၄ | ၁.၁၇ | -၁၀.၈၇ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၇၉၈၄.၆၄ | ၇၆၃၄.၀၈ | ၇၄၄၆.၄၁ | -၄.၃၉ | ၂.၅၂ |
| ၁၁ | ငါးရံ့ | ။ | ။ | ၇၉၇၂.၂၂ | ၇၇၈၃.၀၇ | ၇၆၆၈.၃၉ | -၂.၃၇ | ၁.၅၀ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၄၅၃၁.၇၂ | ၄၅၈၈.၂၄ | ၄၃၆၇.၂၆ | ၁.၂၅ | ၅.၀၆ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၂၇၇၆၆.၀၉ | ၂၇၈၈၁.၉၇ | ၂၆၇၂၁.၂၈ | ၀.၄၂ | ၄.၃၄ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၂၇၁၄၀.၅၉ | ၂၇၃၃၈.၆၁ | ၂၅၂၄၅.၈၃ | ၀.၇၃ | ၈.၂၉ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၁၆၅.၁၈ | ၃၁၆၆.၉၆ | ၃၁၁၆.၆၇ | ၀.၀၆ | ၁.၆၁ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၁၄၀၇.၂၀ | ၁၄၄၀.၂၅ | ၁၂၈၂.၅၆ | ၂.၃၅ | ၁၂.၃၀ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၃၁၉၈.၃၀ | ၃၂၀၇.၂၃ | ၂၉၅၀.၄၂ | ၀.၂၈ | ၈.၇၀ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၀၇၀.၁၂ | ၁၀၈၀.၆၉ | ၁၀၆၆.၀၀ | ၀.၉၉ | ၁.၃၈ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၄၅၆၇.၃၀ | ၄၄၂၃.၁၉ | ၄၈၉၆.၈၀ | -၃.၁၆ | -၉.၆၇ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၂၂၄၇.၇၈ | ၂၅၉၃.၉၅ | ၁၁၉၁.၈၀ | ၁၅.၄၀ | ၁၁၇.၆၅ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၄၆၆၀.၃၆ | ၄၆၇၁.၂၅ | ၄၅၂၁.၈၅ | ၀.၂၃ | ၃.၃၀ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၀၅၂.၁၆ | ၅၀၅၂.၁၆ | ၅၀၀၈.၄၂ | ၀.၀၀ | ၀.၈၇ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၈၈၇၄၇၂.၀၅ | ၈၇၉၀၇၄.၆၇ | ၈၁၄၇၉၂.၁၇ | -၀.၉၅ | ၇.၈၉ |
| ၂၄ | ထင်း | | ပိဿာ | ၂၉၄.၃၉ | ၂၉၆.၁၇ | ၂၈၇.၅၀ | ၀.၆၁ | ၃.၀၂ |
| ၂၅ | မီးသွေး | | ။ | ၅၉၃.၉၆ | ၅၉၅.၇၃ | ၅၇၂.၇၁ | ၀.၃၀ | ၄.၀၂ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၀၃.၇၄ | ၄၀၃.၇၄ | ၃၉၃.၈၂ | ၀.၀၀ | ၂.၅၂ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၉၁၀.၈၂ | ၉၁၀.၂၃ | ၁၀၁၂.၀၆ | -၀.၀၆ | -၁၀.၀၆ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလံ | ၃၃၃၈.၆၇ | ၃၄၄၈.၀၇ | ၂၈၃၂.၉၇ | ၃.၂၈ | ၂၁.၇၁ |
| ၂၉ | ဓာတ်ဆီ | | ဂါလံ | ၃၅၁၉.၈၈ | ၃၆၁၄.၆၄ | ၃၀၄၁.၇၉ | ၂.၆၉ | ၁၈.၈၃ |

# ဇယား(၄)တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္ဒန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၆ ခုနှစ် | | | ၂၀၁၇ ခုနှစ် | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ |
| စားသုံးသူဈေးဆန္ဒန်း (CPI) | ၁၃၀.၄၈ | ၁၃၁.၆၀ | ၁၃၂.၃၉ | ၁၃၂.၄၀ | ၁၃၂.၇၃ | ၁၃၁.၉၆ | ၁၃၂.၀၇ | ၁၃၂.၄၂ | ၁၃၂.၅၈ | ၁၃၂.၈၆ | ၁၃၃.၂၇ | ၁၃၄.၄၃ | ၁၃၅.၇၀ |
| စားသုံးသူဈေးဆန္ဒန်း (Core CPI) | ၁၁၁.၃၁ | ၁၁၁.၇၈ | ၁၁၂.၉၃ | ၁၁၂.၈၅ | ၁၁၂.၈၉ | ၁၁၃.၅၀ | ၁၁၃.၆၄ | ၁၁၃.၇၁ | ၁၁၃.၇၇ | ၁၁၄.၆၂ | ၁၁၅.၄၅ | ၁၁၅.၈၂ | ၁၁၅.၇၇ |

## ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၆ ခုနှစ် | | | ၂၀၁၇ ခုနှစ် | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) | ၃.၅၁ | ၃.၄၇ | ၆.၅၅ | ၇.၇၆ | ၇.၉၉ | ၇.၀၀ | ၄.၇၄ | ၃.၉၀ | ၂.၉၂ | ၂.၃၀ | ၂.၄၀ | ၃.၄၀ | ၄.၀၀ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) | ၂.၈၄ | ၂.၉၆ | ၃.၄၇ | ၃.၀၉ | ၂.၇၆ | ၃.၁၆ | ၃.၂၀ | ၂.၉၀ | ၂.၈၁ | ၃.၆၈ | ၄.၀၀ | ၃.၉၆ | ၄.၀၁ |